Message Five

## ခရစ်တော်ကို ဓမ္မသစ်ဂျူဘလီ၏ စစ်မှန်ခြင်းအဖြစ် မွေ့လျော်ဝမ်းမြောက်ခြင်း

ဖတ်ရန်ကျမ်း။ ။ ဝတ်၊၂၅း၈-၁၇။ ဟေရှာ၊၆၁း၁-၃။ လု၊၄း၁၆-၂၂။ တ၊၂၆း၁၆-၁၉

**I. ဝတ်ပြုရာ ၂၅း၈-၁၇ ရှိ ဂျူဘလီနှစ်ကို ဟေရှာယ ၆၁း၁-၃ တွင် ပရောဖက်ပြုချက်အဖြစ် မှတ်တမ်းတင်၍၊ လုကာ ၄း၁၆-၂၂ တွင် စစ်မှန်ခြင်း၌ ပြီးပြည့်စုံခြင်းအဖြစ် မှတ်တမ်းတင်ထားသည်။**

A. ဂျူဘလီနှစ်တွင် အဓိကကျသော ကောင်ချီးမင်္ဂလာနှစ်ခု ရှိသည်၊ ယင်းတို့မှာ လူတိုင်း မိမိဆုံးရှုံးခဲ့သော ပိုင်ဆိုင်ရာသို့ ပြန်လာခြင်းနှင့် ကျွန်ခံရခြင်းမှ လွတ်မြောက်ခွင့်ရခြင်း တို့ဖြစ်သည် - ဝတ်၊၂၅း၈-၁၇။

1. ဂျူဘလီနှစ်တွင် မိမိ၏ပိုင်ဆိုင်မှု၊ ကောင်းသောမြေတွင် သူ၏ခွဲဝေပေးသောဝေစုကို ရောင်းချခဲ့သောသူအယောက်တိုင်းသည် ၎င်းကို ရွေးနုတ်ရန် တစ်စုံတစ်ရာမျှ ပေးစရာမလိုဘဲ ပြန်လာရခြင်း (အငယ်၊၁၀၊ ၁၃၊ ၂၈) နှင့် မိမိကိုယ်ကို ကျွန်ခံရခြင်းအထဲသို့ ရောင်းချခဲ့သူအယောက်တိုင်းသည် လွတ်လပ်ခွင့်ရ၍ မိမိ၏မိသားစုထံ ပြန်လာရခြင်း (အငယ်၊ ၃၉-၄၁) ရှိလေသည်။

2. မိမိ၏ပိုင်ဆိုင်ရာသို့ ပြန်လာရခြင်းနှင့် လွတ်မြောက်ခွင့်ရ၍ မိမိ၏မိသားစုထံ ပြန်လာရခြင်းတို့မှာ ဓမ္မသစ်ဂျူဘလီ၌ ယုံကြည်သူများသည် သူတို့၏ဆုံးရှုံးခဲ့ရသော ဘုရားဆိုင်ရာပိုင်ဆိုင်မှုအဖြစ် ဘုရားသခင်ထံသို့ ပြန်လာကြရပြီး၊ ချည်နှောင်မှုအားလုံးမှ လွတ်မြောက်၍ သူတို့၏ဘုရားဆိုင်ရာမိသားစုအဖြစ် အသင်းတော်သို့ ပြန်လာရခြင်းကို ပုံဆောင်ခြင်းဖြစ်သည် - ဧ၊၁း၁၃-၁၄။ ဘော၊၈း၃၂၊ ၃၆။ ညွှန်း၊ ဆာ၊၆၈း၅-၆။

B. ဓမ္မဟောင်း ပုံဆောင်ချက်တွင် ဂျူဘလီသည် တစ်နှစ်မျှသာ ကြာသော်လည်း၊ ပြီးမြောက်ပြည့်စုံခြင်း၌မူ ၎င်းသည် ဘုရားသခင်က အပြစ်၏ ဖမ်းဆီးခံများ ပြန်လာခြင်း (ဟေရှာ၊၄၉း၈။ လု၊၁၅း၁၇-၂၄။ ၂ကော၊၆း၂) နှင့် အပြစ်၏ကျေးကျွန်အောက်တွင် ဖိနှိပ်ခံရခြင်းမှ ဘုရားသခင်၏ကယ်တင်ခြင်း လွတ်မြောက်စေခြင်း (ရော၊၇း၁၄-၈း၂) ကို မွေ့လျော်ဝမ်းမြောက်ရခြင်းရှိသော အချိန်အဖြစ် ဓမ္မသစ်ခေတ်၊ ကျေးဇူးတော်တစ်ခုလုံးကို ရည်ညွှန်းသည်။

C. ယုံကြည်သူများက ကျေးဇူးတော်ခေတ်၌ ဂျူဘလီကို မွေ့လျော်ဝမ်းမြောက်ရခြင်း (သူတို့ထံ ဘုရားသခင်၏ ကျေးဇူးတော်အဖြစ် ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ရခြင်း) သည် မိလေနီကာလတွင် ဂျူဘလီကို ပြည့်ဝသော မွေ့လျော်ဝမ်းမြောက်မှုနှင့် ကောင်းကင်သစ်နှင့် မြေကြီးသစ်ရှိ ယေရုရှလင်မြို့သစ်၌ အပြည့်ဝဆုံး မွေ့လျော်ဝမ်းမြောက်ရခြင်းကို ထွက်ပေါ်စေသည် - ယော၊၁း၁၆-၁၇။ ရော၊၅း၁၇။ ဖိ၊၃း၁၄။ ဗျာ၊၂၂း၁-၂က။

**II. ဂျူဘလီနှစ်သည် ကျေးဇူးတော်အဖြစ် ခရစ်တော်သည် ကျွန်ုပ်တို့၏မွေ့လျော်ဝမ်းမြောက်မှုအတွက် ကျေးဇူးတော်၏စကားများအားဖြင့် ကျွန်ုပ်တို့အထဲသို့ ဝေငှဖြန့်ဖြူးနေသည်။ ဓမ္မသစ်ဂျူဘလီသည် ကျွန်ုပ်တို့၏ကယ်တင်ခြင်းအတွက် ရွှင်လန်းအားရပီတိဖြစ်ရမည့်ခေတ် ဖြစ်သည် - လု၊၄း၂၂။ ဆာ၊၄၅း၂။ ယော၊၁း၁၄-၁၇။ ၂ကော၊၆း၂။**

A. ဓမ္မသစ်ခေတ်သည် ရွှင်လန်းပီတိဖြစ်ရမည့်ခေတ်ဖြစ်ကာ၊ ခရစ်ယာန်တစ်ဦးသည် ရွှင်လန်းပီတိဖြစ်ခြင်းရှိသော ပုဂ္ဂိုလ်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင့်ရှေ့တော်၌ ရွှင်လန်းပီတိဖြစ်ခြင်း မရှိခဲ့ဖူးပါက၊ ဤသည်မှာ ကျွန်ုပ်တို့၌ ဘုရားသခင်ကို လုံလောက်စွာ မွေ့လျော်ဝမ်းမြောက်မှု မရှိခဲ့ကြောင်း ပြသခြင်းဖြစ်သည် - ၅း၁၃။ တ၊၁၁း၅။ ၂၂း၁၇။ ဆာ၊၄၃း၄က။ ၅၁း၁၂။ ၁ပေ၊၁း၈။ ဟေရှာ၊၁၂း၃-၆။

B. *ဂျူဘလီ*သည် ပူပန်မှု သို့မဟုတ် စိုးရိမ်ကြောင့်ကြမှု မရှိခြင်း၊ အလေးထားစရာ သို့မဟုတ် ဂရုစိုက်စရာမရှိခြင်း၊ လျော့နည်းမှု သို့မဟုတ် လိုအပ်မှု မရှိခြင်း၊ ဖျားနာခြင်း သို့မဟုတ် ဘေးဒုက္ခမရှိခြင်း၊ မည်သည့်ပြဿနာမျှ မရှိဘဲ၊ အကျိုးကျေးဇူးများအားလုံးကိုသာ ရရှိခြင်းပင် ဖြစ်သည်။ ထို့ကြောင့် အရာခပ်သိမ်းသည် ကျွန်ုပ်တို့စိတ်နှလုံးအဖို့ နှစ်လိုဖွယ်နှင့် ကျေနပ်အားရဖွယ်ရာဖြစ်ကာ၊ ကျွန်ုပ်တို့သည် စိုးရိမ်ကြောင့်ကြမှုမှ လွတ်ပြီး၊ သက်သောင့်သက်သာဖြစ်ခြင်း၊ စိတ်လှုပ်ရှားအားရခြင်းနှင့် မြူးတူးပျော်ရွှင်ခြင်း ရှိကြသည် - ဆာ၊၁၀၃း၁-၅။ ၁၁၆း၁-၇၊ ၁၂-၁၃၊ ၁၇-၁၉။

C. ကျွန်ုပ်တို့သည် သခင်ယေရှုကို ကျွန်ုပ်တို့၌ စစ်မှန်သော ဂျူဘလီအဖြစ် လက်ခံရရှိရမည်။ ကိုယ်တော်ကို ကျွန်ုပ်တို့ရရှိသော အခါ၊ ဘုရားသခင်ကို ကျွန်ုပ်တို့၏ပိုင်ဆိုင်မှုအဖြစ် ရရှိကြပြီး၊ အပြစ်နှင့်စာတန်၏ချည်နှောင်မှုမှ လွတ်မြောက်နိုင်ကြကာ၊ စစ်မှန်သော လွတ်လပ်ခြင်းနှင့် နားခိုခြင်းကို ရရှိနိုင်မည်ဖြစ်သည် - တ၊၂၆း၁၈။ ဧ၊၁း၁၃-၁၄။ ကော၊၁း၁၂။ မ၊၁၁း၂၈။ ယော၊ ၈း၃၂၊ ၃၆။

1. ကျွန်ုပ်တို့သည် ခရစ်တော်ကို ကျွန်ုပ်တို့၏ကယ်တင်ရှင်နှင့် အသက်အဖြစ် ရရှိကြသောအခါ ကိုယ်တော်သည် ကျွန်ုပ်တို့အထဲသို့ ကျွန်ုပ်တို့၏ဂျူဘလီဖြစ်ရန် ကြွလာတော်မူခဲ့သည်၊ သို့သော် ကျွန်ုပ်တို့က ကိုယ်တော်အား ကျွန်ုပ်တို့၌ အသက်ရှင်ရန် အခွင့်မပေးလျှင်၊ ကိုယ်တော်အားဖြင့် ကျွန်ုပ်တို့ အသက်မရှင်လျှင် ကျွန်ုပ်တို့သည် ဂျူဘလီ၌ လက်တွေ့ကျစွာ အသက်ရှင်ခြင်းမဟုတ်ပေ - အငယ်၊၁၁-၁၂။
2. ကျွန်ုပ်တို့၏စိတ်နှလုံးသည် သခင်ဘုရားထက် မည်သည့်ပုဂ္ဂိုလ်၊ အရာ သို့မဟုတ် အကြောင်းကိစ္စအပေါ် ထားရှိမည်ဆိုလျှင်၊ ဤအရာသည် ရုပ်တုကိုးကွယ်ခြင်းဖြစ်ပြီး၊ အဆုံးသတ်မှာ ဘေးဒုက္ခရောက်ခြင်းဖြစ်သည် - ၁ယော၊၅း၂၁။ ညွှန်း၊ ယေဇ၊၁၄း၃၊ ၅။ ၆း၉။
3. ကျွန်ုပ်တို့သည် ခရစ်တော်အား ကျွန်ုပ်တို့၌ အသက်ရှင်ရန် အခွင့်ပေး၍၊ ကျွန်ုပ်တို့သည် ကိုယ်တော်အားဖြင့် အသက်ရှင်မည်ဆိုလျှင် အရာခပ်သိမ်းသည် ကျွန်ုပ်တို့၏ကျေနပ်နှစ်သိမ့်ခြင်း ဖြစ်သည်။ ထိုသို့မဟုတ်လျှင် အရာခပ်သိမ်းသည် ပြဿနာဖြစ်ပြီး၊ မည်သည့်အရာမျှ ဂျူဘလီမဟုတ်တော့ပါ။

D. အရာခပ်သိမ်းသည် ကျွန်ုပ်တို့ထံသို့ ကျေနပ်နှစ်သိမ့်ခြင်း ဖြစ်နိုင်ခြင်းမှာ ကျွန်ုပ်တို့က အရာအားလုံးပါဝင်သော ခရစ်တော်ကို ကျွန်ုပ်တို့၏မွေ့လျော်ဝမ်းမြောက်မှုအဖြစ် အမြတ်ရရှိပြီးနောက်မှသာ ဖြစ်နိုင်သည်။ အပြင်ပိုင်း ပုဂ္ဂိုလ်များ၊ အကြောင်းကိစ္စများ သို့မဟုတ် အရာများဖြင့်မဟုတ်ဘဲ၊ ကျွန်ုပ်တို့အတွင်းရှိ ခရစ်တော်က ကျွန်ုပ်တို့အား အလုံးစုံသောအခြေအနေမျိုးအားလုံးကို ကျွန်ုပ်တို့ရင်ဆိုင်ရာ၌ တည်ငြိမ်စေရန်နှင့် စိုးရိမ်ပူပန်မှု ကင်းလွတ်စေရန် တတ်စွမ်းစေခြင်းဖြစ်သည် - ဖိ၊၃း၈-၉။ ၄း၅-၈၊ ၁၁-၁၃။

## III. လုကာ ၄ ရှိ ဂျူဘလီကို ကြွေးကြော်ခြင်းမှာ လုကာဧဝံဂေလိစာစောင်တစ်ခုလုံး၏ အလယ်ဗဟိုစဉ်းစားမှုကို အုပ်စိုးနေပြီး၊ လုကာ ၁၀ ရှိ ကောင်းသော ရှမာရိလူနှင့် လုကာ ၁၅ ရှိ ပျောက်သောသား၏ ပုံဥပမာတို့သည် ဂျူဘလီ၏ ထူးကဲကောင်းမွန်သော သရုပ်ဖော်ပြချက်များ ဖြစ်ကြသည်။

A. ကောင်းသောရှမာရိလူ၏ ပုံဥပမာ၌ တင်ဆက်ထားသည့် လူသား-ကယ်တင်ရှင်သည် ကိုယ်တော်၏လူသားကောင်းမြတ်ခြင်းများနှင့်အတူ ကိုယ်တော်၏ဘုရားဆိုင်ရာ ဂုဏ်အင်္ဂါတော်များ ထင်ရှားခြင်းအား ပုံဆောင်သည် - ၁၀း၂၅-၃၇။

1. လူသား-ကယ်တင်ရှင်သည် ကိုယ်တော်၏ ပျောက်သောသူကို ရှာဖွေခြင်းနှင့် အပြစ်သားကို ကယ်တင်ခြင်းအမှုတော် ခရီး၌ (၁၉း၁၀) ဂျူးဘာသာရေးသမား ဓားပြတို့၏ ရိုက်နှက်ထိခိုက်ခံရသောသူရှိရာ၊ စိတ်မချမ်းမြေ့ဖွယ်ရာနှင့် သေလုမျောပါးအခြေအနေ၌ လဲလျောင်းနေရာသို့ ဆင်းကြွလာခဲ့သည်။
2. လူသား-ကယ်တင်ရှင်သည် သူ့ကို မြင်သောအခါ ကိုယ်တော်၏ဘုရားဇာတိနှင့်အတူ ကိုယ်တော်၏လူသားဇာတိ၌ သနားစုံမက်ခြင်း ရှိတော်မူပြီး၊ နူးညံ့သော အနာငြိမ်းစေခြင်းနှင့် ကယ်တင်ပေးသော ဂရုစိုက်ခြင်းပေးကာ၊ သူ၏အရေးပေါ်လိုအပ်ချက်ကို အပြည့်အဝဖြည့်ဆည်းပေးသည် - ၁၀း၃၃-၃၅။

B. လူသား-ကယ်တင်ရှင်သည် ပျောက်သောသား၏ ပုံဥပမာ၌ တင်ဆက်ခံရခြင်းမှာ ကိုယ်တော်၏ ထိန်းကျောင်းခြင်း၊ ရှာဖွေခြင်းနှင့် ကယ်တင်ခြင်းပြုသော ဝိညာဉ်တော်သည် ခမည်းတော်၏ ချစ်ခြင်း၊ ခွင့်လွှတ်ခြင်းနှင့် သနားစုံမက်ခြင်းစိတ်နှလုံးတော်နှင့်အတူရှိခြင်းကို ပြသနေသည် - ၁၅း၁၁-၃၂။ ညွှန်း၊ ၉း၅၅-၅၆။

1. တစ်နေ့တွင် ပျောက်သောသားသည် မိမိ၏ပိုင်ဆိုင်ရာနှင့် မိမိအဖ၏ အိမ်သို့ ပြန်လာခဲ့သည်။ ထိုအရာမှာ ဂျူဘလီ၊ လွတ်မြောက်ခြင်းဖြစ်ပြီး၊ အရာခပ်သိမ်းသည် နှစ်လိုဖွယ်ရာနှင့် ကျေနပ်ဖွယ်ရာဖြစ်လာခြင်း ဖြစ်သည် - ၁၅း၂၀၊ ၂၄။ ညွှန်း၊ ဝတ်၊၂၅း၁၀-၁၂။

2. ကယ်တင်ခံရခြင်းမှာ ကျွန်ုပ်တို့၏အမွေထံသို့ ပြန်လာခြင်း၊ ဘုရားသခင်ထံသို့ ပြန်လာခြင်း၊ ဘုရားသခင်ထံသို့ ကိုယ်တော်ကို ကျွန်ုပ်တို့၏ပိုင်ဆိုင်မှုအဖြစ် အသစ်တစ်ဖန် မွေ့လျော်ဝမ်းမြောက်ခြင်းသို့ ပြန်လာခြင်း ဖြစ်သည် (ဧ၊၁း၁၃-၁၄)။ ကယ်တင်ခံရခြင်းမှာ ဘုရားသခင်ကို အမြတ်ရရှိခြင်းဖြစ်သည်။ ကျွန်ုပ်တို့၌ ဘုရားသခင်ရှိသောအခါ၊ ကျွန်ုပ်တို့၌ အရာခပ်သိမ်းရှိသည်။ ဘုရားသခင်မရှိလျှင် ကျွန်ုပ်တို့၌ ဘာမျှမရှိပါ (ကော၊၁း၁၂)။

3. ဘုရားသခင်သည် ခရစ်တော်၌ ကျွန်ုပ်တို့၏ ကောင်းချီးခံရသော ဝေစုဖြစ်လာခဲ့သည်၊ သို့သော် များစွာသော ခရစ်ယာန်များသည် မပျော်မရွှင်ဖြစ်နေကြပြီး၊ မထွန်းလင်းသော အလင်းများကဲ့သို့ ဖြစ်နေကြသည်၊ အကြောင်းမှာ သူတို့သည် ဘုရားသခင်ကို သူတို့၏ဝေစုအဖြစ် ယူဆောင်ခြင်းအားဖြင့် "ခလုတ်ဖွင့်ခြင်း" မရှိကြသောကြောင့် ဖြစ်သည် - ဧ၊ ၄း၁၈။ ဖိ၊၂း၁၂-၁၆။

4. သားကို အဖက လက်ခံခြင်းနှင့် သားသည် သူ၏အဖနှင့် သူ့အဖ၏ အိမ်သို့ ပြန်လာခြင်းသည် သားအဖို့ ဂျူဘလီနှစ်၊ ကျေးဇူးတော်နှစ် ဖြစ်လေသည် - လု၊၁၅း၂၀။

5. ခရစ်တော်၌ ဘုရားသခင်သည် နောင်တရ၍ ပြန်လာသော ပျောက်သောသားများ၏ မွေ့လျော်ဝမ်းမြောက်မှုအတွက် ဆူဖြိုးသောနွားသငယ် ဖြစ်လာခဲ့သည် - အငယ်၊၂၃။

6. ဤအရာသည် ဝတ်ပြုရာ ၂၅း၁၁-၁၂ နှင့် အလားတူပြီး၊ ယင်းက လူများသည် ဂျူဘလီနှစ်တွင် မျိုးကြဲခြင်းလည်းမလုပ်ရသလို ရိတ်သိမ်းခြင်းလည်း မလုပ်ရဘဲ၊ စားသုံးရန်နှင့် မွေ့လျော်ဝမ်းမြောက်ရန်သာ ပြောထားသည်။ ကျွန်ုပ်တို့သည် နောင်တရ၍ သခင်ယေရှုကို လက်ခံရရှိခြင်းအားဖြင့် ဘုရားသခင်ထံသို့ ပြန်လာသည်နှင့်တပြိုင်နက် ဘုရားသခင်ကို ကျွန်ုပ်တို့အတွင်းပိုင်း ရရှိကြပြီး၊ ဤအရာသည် ကျွန်ုပ်တို့၏ဂျူဘလီ အစအဦးဖြစ်သည်။

7. ကျွန်ုပ်တို့သည် ခမည်းတော်၏ ငှမ်းရမ်းထားသော အစေခံများမဟုတ်ဘဲ၊ ကိုယ်တော်၏ မွေ့လျော်ဝမ်းမြောက်သော သားများဖြစ်ကြကာ၊ ကျွန်ုပ်တို့သည် ယခုမှစ၍ ထာဝရကာလတိုင် ဘုရားသခင်ကို ကျွန်ုပ်တို့၏ပိုင်ဆိုင်မှုအဖြစ် စဉ်ဆက်မပြတ် မွေ့လျော်ဝမ်းမြောက်နိုင်ပြီဖြစ်သည်။

## IV. ကျွန်ုပ်တို့သည် ခရစ်တော်ကို လွတ်လပ်မှုများ၏ စစ်မှန်ခြင်းနှင့် ဓမ္မသစ်ဂျူဘလီ၏ ကောင်းချီးမင်္ဂလာများအဖြစ် မွေ့လျော်ဝမ်းမြောက်ရန် လိုအပ်သည် - လု၊၄း၁၈-၁၉။

A. ခရစ်တော်ကို ဂျူဘလီ၏ စစ်မှန်ခြင်းအဖြစ် မွေ့လျော်ဝမ်းမြောက်ရန်အလို့ငှာ ကျွန်ုပ်တို့သည် တစ်နေ့ပြီးတစ်နေ့ ကိုယ်တော်၏စကားတော်ကို နားထောင်၍ ကိုယ်တော်ဖြင့် ဖြည့်ခြင်းခံခြင်းဖြင့် သခင်ဘုရားနှင့်အတူ အချိန်ယူရန် လိုအပ်သည်။ ကျွန်ုပ်တို့သည် မာရိ၏ စံနမူနာနောက်သို့ လိုက်လျှောက်ရန် လိုအပ်သည်၊ သူမသည် သခင်ဘုရား၏ခြေတော်ရင်း၌ထိုင်ကာ ကိုယ်တော်၏ စကားတော်ကို နားထောင်နေခဲ့သူဖြစ်သည် - ၁၀း၃၉။

1. သူမသည် *သခင်ယေရှု* ၏ ခြေတော်ရင်း၌ ရှိခဲ့ပြီး၊ အခြားမည်သူ၏ခြေ၌မျှ မရှိခဲ့ပါ။ သူမသည် သခင်ဘုရားထံတော်နားသို့ ချဉ်းကပ်ခဲ့သည်။ တစ်ချိန်ပြီးတစ်ချိန် ကိုယ်တော်ထံသို့ လာခြင်း၊ ကိုယ်တော်ကို ချစ်ခြင်း၊ ကိုယ်တော်နှင့်အတူ မခြားမလပ် မိတ်သဟာယဖွဲ့ခြင်းနှင့် ကိုယ်တော်၏မျက်မှောက်တော်၌ တည်မြဲနေခြင်းတို့ထက် ပိုကောင်းသော နည်းလမ်းမရှိတော့ပါ။

2. သူမသည် သခင်ဘုရား၏ *ခြေတော်ရင်း၌* ထိုင်ခဲ့သည်၊ ယင်းမှာ သူမသည် သခင်ဘုရားကို ကျေးဇူးတော်အဖြစ် လက်ခံရရှိရန်အလို့ငှာ မိမိကိုယ်ကို နှိမ့်ချသော အနေအထား၌ ထားရှိကြောင်း ဆိုလိုသည် (၁ပေ၊၅း၅)။ နှိမ့်ချခြင်းသည် ကျွန်ုပ်တို့ကိုယ်ကို သိမ်ငယ်စေခြင်းမဟုတ်ပါ။ နှိမ့်ချခြင်းသည် ကျွန်ုပ်တို့ကိုယ်ကို ငြင်းပယ်ခြင်း၊ ကျွန်ုပ်တို့ကိုယ်ကို ဆန့်ကျင်ငြင်းဆိုခြင်း၊ ကျွန်ုပ်တို့ကိုယ်ကို အချည်းနှီးဖြစ်ကြောင်း မှတ်ယူခြင်း ဖြစ်သည်။

3. သူမသည် *ထိုင်နေခဲ့သည်*။ သခင်ဘုရားရှေ့တော်၌ တိတ်ဆိတ်စွာနေခြင်းမှာ မကြာခဏပင် ဝိညာဉ်ရေးရာ ခွန်အား၏ အရင်းအမြစ် ဖြစ်လေသည် (ဟေရှာ၊၃၀း၁၅က)။ လူ၏မျက်စိများနှင့် စဉ်းစားခြင်းများသည် မကြာခဏပင် အပြင်လောကသို့ အာရုံထွေပြားတတ်သည်။ လှည့်လည်နေသော အသိဉာဏ်နှင့် မပြတ်မသားသော စဉ်းစားခြင်းများဖြင့် အလုပ်များနေတတ်သောသူတို့သည် ဖွင့်ပြခြင်းကို အလွယ်တကူ လက်ခံရရှိနိုင်မည်မဟုတ်ပေ။

4. သူမသည် *သခင်ဘုရား၏စကားတော်ကို နားထောင်နေ* ခဲ့သည်။ သခင်ဘုရားပြောသော စကားများမှာ ဝိညာဉ်နှင့် အသက်ဖြစ်ပြီး (ယော၊၆း၆၃)၊ ယင်းမှာ မိမိကိုယ်တော်တိုင်ကို လူများအထဲသို့ ဝေငှဖြန့်ဖြူးခြင်းအလို့ငှာ ဖြစ်သည်။ သူမသည် သခင်ဘုရား၏စကားတော်ကို နားထောင်နေခြင်းက၊ သခင်ဘုရားအား မိမိကိုယ်တော်တိုင်ကို သူမထံသို့ ဆက်သွယ်စေရန် အခွင့်အရေးကို ဖြစ်ပေါ်စေကာ၊ ထိုသို့ဖြင့် သူမသည် သခင်ဘုရားကို စဉ်ဆက်မပြတ် လက်ခံရရှိခြင်း နှင့် ကိုယ်တော်ကို အမြတ်ရရှိခြင်း ရှိနိုင်မည်ဖြစ်သည်။

B. ဘုရားသခင်၏ကယ်တင်ခြင်းသည် ကျွန်ုပ်တို့အား စစ်မှန်သော လွတ်လပ်မှုကို ရရှိစေသည်။ ကျွန်ုပ်တို့၏ပိုင်ဆိုင်မှုသည် ဘုရားသခင်ဖြစ်ကာ၊ ကျွန်ုပ်တို့၏လွတ်လပ်မှုသည် ဘုရားသခင်ကို မွေ့လျော်ဝမ်းမြောက်ခြင်းမှ လာခြင်းဖြစ်သည်။ လူသည် ဘုရားသခင်ကို မွေ့လျော်ဝမ်းမြောက်ခြင်းမရှိလျှင် သူသည် စစ်မှန်သော လွတ်လပ်မှုကို မရရှိနိုင်ပါ။ လွတ်လပ်မှုသည် လွတ်မြောက်ခြင်း၊ ချည်နှောင်မှုအားလုံး၊ လေးလံသော ဝန်ထုပ်အားလုံး၊ ဖိနှိပ်မှုအားလုံးနှင့် ကျွန်ခံရခြင်းအားလုံးတို့မှ လွတ်ခြင်းအခွင့် ရရှိခြင်းကို ဆိုလိုသည် - ၈း၃၂၊ ၃၆။ ဂလ၊၅း၁။ ၂ကော၊၃း၁၇။

C. ပထမဦးစွာ စာတန်သည် ကျွန်ုပ်တို့ကို ဖမ်းဆီးခဲ့သည်။ ထိုနောက် သူသည် ကျွန်ုပ်တို့၌ ကျွန်ုပ်တို့အပြစ်များ၏ လှုံ့ဆော်သူ၊ သွေးထိုးစတင်သူအဖြစ် ကိန်းဝပ်ရန် ရောက်လာခဲ့သည်။ ရလဒ်မှာ သူသည် ကျွန်ုပ်တို့၏ တရားမဝင် သခင်ဖြစ်လာခဲ့ပြီး၊ ကျွန်ုပ်တို့သည် ကောင်းသောအရာမလုပ်နိုင်တော့ဘဲ အပြစ်များကိုသာ ကျူးလွန်နိုင်တော့သည့် အတိုင်းအတာအထိ သူ၏ ဖမ်းဆီးခံများ ဖြစ်လာခဲ့ကြရသည် - ရော၊၇း၁၄။ ၁ယော၊၅း၁၉။

1. လူသည် ဘုရားသခင်ကို မရရှိပါက၊ ဘုရားသခင်မှလွဲ၍ သူမွေ့လျော်ရန် ကြိုးစားသမျှသည် ခွေးအစာ၊ အမှိုက်နှင့် မစင်မျှသာ ဖြစ်သည် - ဖိ၊၃း၇-၉။ ညွှန်း၊ ၂ပေ၊၂း၂၂။
2. စာတန်ကို ဗေလဇေဗုလဟု ခေါ်ဆိုပြီး၊ ယင်းမှာ "နောက်ချေးပုံ၏သခင်"ဟု ဆိုလိုပြီး၊ "ယင်ကောင်များ၏သခင်"ဟု ဆိုလိုသော *ဗေလဇေဗု* မှ လာသည်။ စာတန်သည် အပြစ်သားများအား ယင်ကောင်များကို နောက်ချေးပုံပေါ်မှာ ကျွေးမွေးသကဲ့သို့ ဦးဆောင်ခြင်း၌ အထူးကျွမ်းကျင်လေသည် - မ၊၁၀း၂၅။ ၁၂း၂၄၊ ၂၇။ ၂ဘုရင်၊၁း၂။
3. မိမိစိတ်နှလုံးနက်နဲရာမှနေ၍ မည်သူမျှ အပြစ်ပြုလိုခြင်း မရှိကြသော်လည်း၊ နောက်ဆုံးတွင် အယောက်တိုင်းသည် အပြစ်ပြုကြသည်။ မည်သူမျှ မိမိကိုယ်ကို မထိန်းချုပ်နိုင်ဘဲ၊ အယောက်တိုင်းသည် အပြစ်၏ကျေးကျွန်ဖြစ်လာခဲ့သည် - ရော၊၇း၁၈-၂၃။ ယော၊၈း၃၄။

D. ရောမ ၇း၂၄ ရှိ ပေါလု၏ အပြင်းအထန် ငိုကြွေးမှုသည် ရောမ ၈း၂ တွင် အဖြေပေးထားပြီး၊ ယင်းက အသက်၏ဝိညာဉ်တော် တရားသည် ခရစ်တော်ယေရှု၌ ကျွန်ုပ်တို့ကို အပြစ်တရားနှင့် သေခြင်းတရားမှ လွတ်မြောက်စေကြောင်း ပြောထားသည်။

E. ကျွန်ုပ်တို့သည် အသက်ပေးသော ဝိညာဉ်တော်အဖြစ် ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ခြင်းအားဖြင့်သာလျှင် လွတ်မြောက်ခြင်းရှိကာ၊ စစ်မှန်သော လွတ်လပ်မှု ရရှိနိုင်မည်ဖြစ်သည်။ ဘုရားသခင်ကို မွေ့လျော်ဝမ်းမြောက်သောသူတို့သာ အပြစ်ကို မကျူးလွန်ဘဲ၊ အမှန်တကယ် လွတ်လပ်မှုရှိကြကာ၊ လွတ်လပ်ခြင်း၊ လွတ်မြောက်ခြင်းနှင့် ချည်နှောင်မှုမှ လွတ်မြောက်ခြင်း အသက်တာကို အသက်ရှိကြပေသည် - ယော၊၈း၁၁-၁၂၊ ၂၄၊ ၂၈၊ ၃၁-၃၆။

1. အသက်၏ဝိညာဉ်တော်တရားသည် ကျွန်ုပ်တို့ကို အပြစ်တရားနှင့် သေခြင်းတရားမှ လွတ်မြောက်စေသည်။ ဤတရားသည် သခင်ဘုရားကိုယ်တော်တိုင်ဖြစ်ပြီး၊ ကိုယ်တော်သည် သေခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းကို ဖြတ်ကျော်ခဲ့ကာ အသက်ပေးသောဝိညာဉ်တော် ဖြစ်လာခဲ့သောအရှင်ဖြစ်သည် - ရော၊၈း၂။
2. ကျွန်ုပ်တို့သည် သခင်ဘုရားကို လုံလောက်စွာ မွေ့လျော်ဝမ်းမြောက်ခြင်းမရှိလျှင်၊ များစွာသောအရာများထံသို့ ကျွန်ုပ်တို့ ချည်နှောင်ခံရခြင်း၌ ရှိနေကြဆဲဖြစ်လိမ့်မည်။ ကျွန်ုပ်တို့စိတ်ဆုံးဖြတ်ခြင်းသည် အလုပ်မဖြစ်ပါ။ ကျွန်ုပ်တို့သည် သခင်ဘုရားထံသို့ စဉ်ဆက်မပြတ် စားသုံးရန်နှင့် ကိုယ်တော်ကို မွေ့လျော်ဝမ်းမြောက်ရန် လာရမည်ဖြစ်သည် - ၁ကော၊၁း၉။ ဗျာ၊၂း၇။ ဟေရှာ၊၅၅း၁-၂။
3. ဂျူဘလီအဖြစ် ခရစ်တော်သည် ကျွန်ုပ်တို့၏ ဆင်းရဲခြင်း၊ ဖမ်းဆီးခံရခြင်း၊ မျက်စိကန်းခြင်း၊ ဖိနှိပ်ခြင်းတို့မှ ကျွန်ုပ်တို့ကို လွတ်မြောက်စေသည် - ဒေ၊၁း၂၊ ၁၄။ ၃း၁၁။ ဖိ၊၃း၈။ ၂ပေ၊၂း၂၂။ လု၊၁၂း၂၁။ ဗျာ၊၃း၁၇။

F. ဂျူဘလီကို အသက်ရှင်ခြင်းသည် ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ခြင်း၌ အသက်ရှင်ခြင်း၊ ဘုရားသခင်ကို ကျွန်ုပ်တို့၏ အမွေနှင့် စစ်မှန်သောလွတ်လပ်မှုအဖြစ် မွေ့လျော်ဝမ်းမြောက်ခြင်းကို အသက်ရှင်ခြင်းဖြစ်သည် - တ၊၂၆း၁၈။ ယော၊၈း၃၆။

1. ဂျူဘလီကို အသက်ရှင်ခြင်းသည် ဘုရားသခင်ကိုယ်တော်တိုင်၊ ခရစ်တော်ကိုယ်တော်တိုင်ကို အခြေအနေတိုင်း၌ ကျွန်ုပ်တို့ယူဆောင်ခြင်း ရှိသည့် အသက်တာဖြစ်သည်။ ထိုအခါ ကိုယ်တော်သည် လူသားအသက်တာ၏ ဒုက္ခပြဿနာ အားလုံးအပေါ် အုပ်စိုးရန် ကျွန်ုပ်တို့၌ အခြေခံအကြောင်းရင်းနှင့်အလယ်ဗဟို ဖြစ်လာသည် - ၆း၁၆-၂၁။ ကော၊၁း၁၇ခ၊ ၁၈ခ။ ဖိ၊၄း၆-၇၊ ၁၁-၁၂။

2. အရာခပ်သိမ်းသည် ကိုယ်တော်၏အုပ်စိုးစီမံမှုအောက်၌ ရှိနေသောကြောင့် ကျွန်ုပ်တို့က "သခင်ဘုရား၊ ကျွန်ုပ်ကို ဖြည့်ပါ၊ ကျွန်ုပ်ကို ရယူပါ၊ ကျွန်ုပ်ကို ပိုင်ဆိုင်ပါ။ ကျွန်ုပ်၏အပြင်ပိုင်းအခြေအနေ မည်သို့ဖြစ်နေပါစေ၊ ကျွန်ုပ်သည် ကိုယ်တော်ကိုသာ မွေ့လျော်ဝမ်းမြောက်လိုပါသည်"ဟု ပြောသင့်ပါသည်။ ကျွန်ုပ်တို့သည် ဧဝံဂေလိတရား - ခရစ်တော်ကို ကျေးဇူးတော်၏ ဂျူဘလီ - အဖြစ် ဘုရားသခင့်ထာဝရစီမံကိန်း ပြီးမြောက်ပြည့်စုံခြင်းအတွက် အသက်ရှင်ခြင်းနှင့် ကြွေးကြော်ကြေငြာခြင်းအားဖြင့် ယနေ့၏ အမှုဆောင်များနှင့် သက်သေများ ဖြစ်ရန် လိုအပ်သည် - တ၊၂၆း၁၆-၁၉။

© 2024 Living Stream Ministry